# ပုံနှိပ်ထုတ်ဝေသူများအား ထိရောက်စွာအရေးယူသင့်သည့်ကိစ္စရပ်များ

၁။ မူကြမ်းတွင်မတင်ပြဘဲ ပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင် ထည့်သွင်းဖော်ပြသည့် မည်သည့် ခါတ်ပုံ၊ ပန်းချီ၊ သတင်းဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စာမူမျိုးကိုမဆို အရေးယူမည်။

၂။ မျက်နှာဖုံးတွင်ဖော်ပြရန်မသင့်ဟု ထောက်ချက်ပြုထားသော သတင်းအားမျက်နှာဖုံးတွင်ဖော်ပြလာပါက အရေးယူမည်။

၃။ ဌာနက ခွင့်မပြုသည့်စာမူအား ဌာနသို့အချောတင်ပြရာတွင် ထိန်ချန်၍တင်ပြခြင်း၊ ဖြန့်ချိမည့်အချောတွင် ထည့်သွင်းဖော်ပြခြင်းတို့ကို အရေးယူမည်။

၄။ ဓါတ်ပုံ၊ ပန်းချီ၊ သတင်း၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာနှင့် မည်သို့သောစာမူမျိုးကိုမဆို စာမူကြမ်းတွင် ဖော်ပြထားသည့် စာသား၊ စာကြောင်း၊ စာပိုဒ်များအပြင် အချောဖြန့်ချိရာတွင် အပိုထပ်မံဖြည့်စွက် ဖော်ပြလာပါက အရေးယူမည်။

၅။ စာမူကြမ်းတွင် တင်ပြခွင့်ပြုထားသော ပုံအရွယ်အစားအတိုင်း အချောဖြန့်ချိရာတွင် ပုံနှိပ်ဖော်ပြခြင်း မပြုက အရေးယူမည်။

၆။ မူကြမ်းတင်ပြလာသော ပန်းချီ၊ ဓါတ်ပုံ၊ သတင်း၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာနှင့် မည်သို့သော စာမူမျိုးကို မဆို တစ်ပုဒ်လုံးဖြုတ်ခိုင်းထားသည်ကို မဖြုတ်ဘဲဖော်ပြထားခြင်းကို အရေးယူမည်။

၇။ ဖြုတ်ခိုင်းထားသည့်သတင်းကို သိလျက်နှင့် နောင်မူကြမ်းများတွင် ထပ်မံထည့်သွင်းဖော်ပြလာပါက အရေးယူမည်။

၈။ မျက်နှာဖုံး Layout အား တင်ပြခွင့်ပြုချက်တောင်းခံခြင်းမရှိဘဲ မိမိသဘောဖြင့် မိမိပြောင်းလဲပုံနှိပ်ခြင်းအား အရေးယူမည်။

၉။ အထွေထွေစာမူများ၌ စာမူအချောတင်ပြရာတွင် ခွင့်မပြုသော ပုံ၊ စာသားများပိတ်၍ တင်ပြခြင်းများ အရေးယူမည်။

၁၀။ မြန်မာ့ယဉ်ကျေးမှုနှင့် မကိုက်ညီသော ဝတ်စားဆင်ယင်မှုအား ပြုပြင်၍ မူကြမ်းတွင်ထည့်သွင်းဖော်ပြ ထားသော်လည်း ထုတ်ဝေဖြန့်ချိရာတွင် မူလပုံအတိုင်း ဖော်ပြထားခြင်းအား အရေးယူမည်။

## အရေးယူမည့် နည်းလမ်းများ

၁။ ထုတ်ဝေသူက ခွင့်မပြုစာမူပါ ထုတ်ဝေစာအား သိမ်းဆည်း၍ အပ်နှံစေခြင်း။

၂။ ဤသို့အပ်နှံရာတွင် သက်မှတ်အရေအတွက်အတိုင်း အပ်နှံခြင်းမပြုနိုင်ပါက ထုတ်ဝေခွင့်ကို ယာယီ ရပ်ဆိုင်းခြင်း။

၃။ လိုအပ်ပါက ပုံနှိပ်စက်ကို ချိတ်ပိတ်သိမ်းဆည်းခြင်း။

၄။ ထုတ်ဝေခွင့်ကို အမြဲတမ်းပိတ်သိမ်းခြင်း။

၅။ အထက်ပါပြစ်ဒဏ်များနှင့် လုံလောက်မှုမရှိဟုယူဆပါက ၁၉၆၂ ခုနှစ် ဥပဒေအရ အရေးယူဆောင်ရွက်ခြင်း။